
ဇေယနု
(ရာမည)
အောင်မြတ်သာနှင့်
ဒုဋ္ဌဝတီရှင်းတမ်း

ကျွန်တော်တို့ ရဲ့ နောက်ထပ် တာဝန် တစ်ခုဖြစ်တဲ့ ဒုဋ္ဌဝတီ မြစ်အောက်မှာ တိမ်ကော ပျောက်ကွယ်နေတဲ့ ဆင်းတုတော်ကို ရှာဖွေဖို့ ဆရာရယ်၊ ကျွန်တော်ရယ်၊ ကိုတောက်ရရယ် ခရီးထွက် လာခဲ့တယ်။

ကျွန်တော်လည်း ဒုဋ္ဌဝတီမြစ်ကို ကြားဖူးပေမဲ့ တစ်ခါမှ မရောက်ဖူးတဲ့ အတွက် ဆရာ့ကို မေးဖြစ်ခဲ့တယ်။

"ဆရာ ကျွန်တော်တို့ အခုသွားနေတဲ့ ဒုဋ္ဌဝတီမြစ် အကြောင်းကို သိရင် ပြောပြပါဦး နောက်ပြီး အခု သွားပင့်မယ့် ဆင်းတုတော် အကြောင်းလည်း သိချင်ပါတယ်" လို့ မေးတော့

ဆရာက "မြစ်ငယ်မြစ် (ခေါ်) ဒုဋ္ဌဝတီမြစ်ဆိုတာ ဧရာဝတီမြစ်၏ မြစ်လက်တက် တစ်ခုပဲ ပါဠိဘာသာလို ဒုဋ္ဌဝတီ ဆိုတာ  မြန်မာလို မြစ်ငယ်မြစ်လို့ လည်း ခေါ်တယ်။

ဧရာဝတီမြစ်ရဲ့ အရေးကြီးတဲ့ မြစ်လက်တက်တွေထဲမှာ တစ်ခု အပါအဝင်ပဲ မိုင်ပေါင်း ၁၃၁ ခန့် ရှည်လျားပြီးတော့  သိန္နီမြို့အရှေ့ဘက် ၂၅ မိုင်အကွာ  သံလွင်မြစ်အနီး တောင်ကုန်းတွေမှာ စတင် မြစ်ဖျားခံတယ်။

နောက်ဆုံးမှာ တော့ မန္တလေးမြို့ရဲ့ တောင်ဘက် ၁၂ မိုင်ခန့်အကွာ စစ်ကိုင်းမြို့နဲ့ မျက်နှာချင်းဆိုင် နေရာ အင်းဝမြို့ အထက်နားမှာ ရှိတဲ့ ဧရာဝတီမြစ် အတွင်းကို စီးဝင်တယ်။

မြစ်အထက်ပိုင်းကို နမ္မတူမြစ်လို့  ခေါ်ပြီးတော့ သီပေါနယ်မှာ  ဖြတ်

သန်းနေတဲ့ မြစ်အလယ်ပိုင်းကို ဒုဠ္ဌဝတီ (တုဠ္ဌဝတီ) ဟု ခေါ်ဆိုကြပြီး အောက်ပိုင်းကို မြစ်ငယ်မြစ်လို့ ခေါ်တယ်။

မြစ်ငယ်မြစ်ရဲ့ အောက်ပိုင်းမှာ လှေငယ်တက် ဆင်းတွေ သွားလာ စုန်ဆန်လို့ ရပေမဲ့ အထက်ပိုင်းမှာ တော့ မြစ်ကျဉ်းတွေ ကျောက်ဆောင်တွေ များ တဲ့ အတွက် သိပ်အသုံးမပြုကြဘူး။

အခု သွားပင့်မယ့် ဆင်းတုတော်က ရှမ်းမင်းသမီး စောမွန်လှရဲ့ ကောင်းမှုတော်ထဲက တစ်ပါးပဲ။

ပုဂံခေတ် အနော်ရထာမင်း လက်ထက်မှာ ရှမ်းမိဖုရား စောမွန်လှကို ပုဂံနန်းတော်ထဲကနေ အထင်လွဲပြီး နှင်ထုတ်ခဲ့တယ်။

စောမွန်လှလည်း ဖခင်ဖြစ်သူ သီပေါစော်ဘွား (အုန်းဘောင်စော်ဘွား) ထံသို့ အပြန်လမ်း တစ်လျှောက်မှာ စေတီပုထိုးတွေ ထုဆစ်ပူဇော်ခဲ့တယ်။

ဒုဠ္ဌဝတီ မြစ်ကမ်းပေါ်မှာ လည်း စေတီတစ်ဆူကို အဓိဋ္ဌာန်ပြု တည်ထားခဲ့တယ် အဲဒီစေတီက ရွှေစာရံစေတီပဲ အခု ငါတို့ ပင့်ဆောင်ရမယ့် ဆင်းတုတော်ကိုလည်း ဒုဠ္ဌဝတီ မြစ်ကမ်းဘေးမှာ ပဲ ထုဆစ်ပူဇော်ခဲ့တယ်။

ထုဆစ်ပူဇော်တဲ့ အချိန် ဒုဠ္ဌဝတီမြစ်ထဲမှာ ရှိတဲ့ နတ်နဂါးတွေက ဆင်းတုတော် ထုဆစ်ပြီး ဌာပနာသွင်းပြီး၊ ချီးတော်ရေ သပ္ပာယ်နေတဲ့ အချိန်မှာ လုယူခဲ့တယ်။

ဆင်းတုတော်ရဲ့ ဘုန်းတန်ခိုး မတောက်ပတဲ့ ကာလ တစ်လျှောက်လုံး ရေအောက်ထဲမှာ ရှိတဲ့ နတ်နဂါးတွေရဲ့ ဗိမာန်မှာ ကိန်းဝပ် စံပယ်နေရတယ်။ အခုအချိန်က ဘုန်းတန်ခိုး ထွန်းလင်းမယ့် အချိန် ရောက်

လာပြီမို့လို့ ဒီတာဝန်ကို ငါတို့ ကို ပေးအပ်ရခြင်းပဲ။

မိဖုရား စောမွန်လှ ပိုင်ဆိုင်တဲ့ ထဲက ပြည်တန်ပတ္တမြား တစ်လုံးကို ဆင်းတုတော်ရဲ့ နဖူးသင်းကျစ်မှာ ထည့်သွင်း ဌာပနာခဲ့တယ်။

လောဘသား သိုက်ဆရာတွေက ဒီသတင်းကို သိတော့ ဆင်းတုတော်ကို ရယူဖို့ ကြိုးစားကြပေမဲ့ အခုထိတော့ ဘယ်သူမှ မရသေးဘူး။

ဆင်းတုတော်က ရေအောက်ထဲက ဗိမာန်မှာ စံပယ်နေတဲ့ အတွက် ဒုဠ္ဍဝတီ ရေအောက်မှာ အပိုင်စားရထားတဲ့ နတ်နဂါးတွေရဲ့ ရန်ကိုလည်း ထည့်တွက်ရမယ်"

"ဒါဆို နတ်နဂါးတွေ လက်ထဲက ပြန်ယူရမှာ ပေါ့"

"ဟုတ်တယ် နဂါးသိုက်ထဲကနေ ပြန်ယူရမှာ "

"ဒါနဲ့ မြန်မာနိုင်ငံမှာ နဂါးသိုက်တွေ တော်တော်များမှာ ပဲ"

"မြန်မာပြည်ထဲမှာ ပဲ သိုက်ပေါင်း (၉၉၉၉၉၉) သိုက် ရှိပြီးတော့ နဂါးသိုက်ပေါင်း(၁၀၂၄) သိုက်ရှိတယ်။

အဲဒီထဲမှာ နဂါးမျိုးနွယ်တွေလည်း အမျိုးမျိုး ကွဲကြတယ်။

ကဌမုခ နဂါး (ထိုနဂါးမျိုး ကိုက်လျှင် အဆစ်အမြစ်များ မကွေးနိုင် မဆန့်နိုင်တော့ပဲ သံတံကျင်ကဲ့သို့ ခိုင်ခံ့မာကျောသွား၏။)

ပုတိမုခ နဂါး (ထိုနဂါးမျိုး ကိုက်လျှင် ပိန္နဲပုပ်ကဲ့သို့ အသားထဲမှ အရည်များ ယိုထွက်ကျလာ၏။)

အဂ္ဂိမုခ နဂါး (ထိုနဂါးမျိုး ကိုက်လျှင် လူ၏ အသားစိုင်များ သည် မီးလောင်ကျွမ်းသကဲ့သို့ အက်ကွဲလာ၏။)

သတ္တသုခ နဂါး (ထိုနဂါးမျိုး ကိုက်လျှင် လူ၏ အသားစိုင်များ သည်

မိုးကြိုးပစ်သကဲ့သို့ ကွဲပြတ် ပျက်စီးသွား၏။)

အဲဒီ နဂါးမျိုးနွယ် (၄)မျိုးထဲမှ

တစ်မျိုးစီတွင် အမျိုးအနွယ် (၄)မျိုးစီ ရှိတယ်။

( ၁ ) ဒဋ္ဌဝိသ နဂါး (ကိုက်မှ အဆိပ်သင့်စေတတ်၏။)

( ၂ ) ဒိဋ္ဌဝိသ နဂါး (ကြည့်ရုံနှင့် အဆိပ်သင့်စေတတ်၏။)

( ၃ ) ဖုဋ္ဌဝိသ နဂါး (ထိမိရုံနှင့် အဆိပ်သင့်စေတတ်၏။)

( ၄ ) ဝါတဝိတ နဂါး ( နှာခေါင်းမှ လေမှုတ်ရုံနှင့် အဆိပ်သင့်စေတတ်၏။)

နဂါးမျိုးများ ပေါင်းလိုက်လျှင် မျိုးနွယ်ပေါင်း (၁၆)ခုရှိပြီး အဲဒီ (၁၆) မျိုးထဲမှ တစ်မျိုးစီမှာ အမျိုးအနွယ် (၄) မျိုးစီ ထပ်မံရှိပြန်တယ်။

အဲဒီ (၄) မျိုးက -

(၁) အာဂတ ဝိသန လေဘရ ဝိသ နဂါးမျိုး။ (အဆိပ်မြန်သော်လည်း အဆိပ်မပြင်းသည့် နဂါးမျိုး)

(၂) ဃောရဝိသန အာဂတ ဝိသ နဂါးမျိုး။ (အဆိပ်ပြင်းသော်လည်း အဆိပ်မမြန်သည့် နဂါးမျိုး)

(၃) အာဂတ ဝိသ ဃောရဝိသ နဂါးမျိုး။ (အဆိပ်လည်း ပြင်း အဆိပ်လည်း မြန်သည့် နဂါးမျိုး)

(၄)နအာဂတဝိသန ဃောရဝိတ နဂါးမျိုး။ (အဆိပ်လည်း မပြင်း အဆိပ်လည်း မမြန်သည့် နဂါးမျိုး)

အဲဒီနဂါးမျိုးတွေကို ထပ်ပေါင်းလိုက်မယ်ဆိုရင်  မျိုးနွယ်ပေါင်း (၆၄ ) မျိုးပြန်ရတယ်။ အဲဒီ(၆၄) မျိုးထဲမှ တစ်မျိုးစီမှာ အမျိုးအနွယ် (၄) မျိုးစီ

ထပ်မံရှိပြန်တယ်။

(၁) အဏ္ဍဇ နဂါးမျိုး(ဥမှ ပေါက်သော နဂါးမျိုး)

(၂) ဇလာဗုဇ နဂါးမျိုး (ဝမ်းဗိုက်မှ မွေးဖွားသော နဂါးမျိုး)

(၃) သံသေဒဇ နဂါးမျိုး (အညှီမှ ဖြစ်သော နဂါးမျိုး)

(၄) ဩပပါတိက နဂါးမျိုး (ကိုယ်ထင်ရှား အလိုလိုဖြစ်သည့် နဂါးမျိုး )လို့ ကွဲတယ်။